ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်း စီမံကိန်း

# စေတနာသတင်းလွှာ

Education for Peace and Development Project (EPD)- Saetanar Newsletter Vol.7, No.2
Saetanar / The Nippon Foundation / Natala

အတွဲ (၇)၊ အမှတ်စဉ် (၂)

## စေတနာအဖွဲ့၏ဥက္ကဋ္ဌ

### မင်္ဂလာပါ

စေတနာသတင်းလွှာ အတွဲ(၁)အမှတ်စဉ်(၁)ကို၂၀၀၆ခုနှစ်၊ဇွန်လ(၂)ရက် နေ့မှစတင်ထုတ်ဝေခဲ့ရာ ယခုအခါ အတွဲ(၇) အမှတ်စဉ်(၂) သို့ ရောက်ရှိလာပြီဖြစ်ပါသည်။ စေတနာအဖွဲ့၏ **"ငြိမ်းချမ်းရေး နှင့် ဖွံ့ ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်း"** ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော (က) ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊ (ခ) ဒေသဖွံ့ဖြိုးရေးဝင်ငွေတိုးလုပ်ငန်းဆောင်ရွက်ခြင်း၊ (ဂ) စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် နည်းပညာပြန့်ပွားစေရန်အတွက်ဆောင်ရွက်ခြင်းစသည့်သတင်းဆောင်းပါးများကို အပတ်စဉ်ထည့်သွင်းဖော်ပြပေးခဲ့ပါသည်။ ထိုသို့ဖော်ပြပေးရခြင်း၏ရည်ရွယ်ချက်မှာ လက်တွေ့လုပ်ဆောင်နေကြသော ဒေသ၊ ကျေးရွာများ၏ ဖွံ့ဖြိုးအကျိုးရှိမှု အခြေအနေများကို အခြားသော ဒေသကျေးရွာများမှ ဖတ်ရှုသိရှိရပြီး စံနမူနာထားကာ မိမိတို့၏ ဒေသ၊ကျေးရွာများ ကိုလည်းဖွံ့ဖြိုးတိုးတက်လာစေရန်အတုယူလိုက်လံဆောင်ရွက်လိုစိတ်ဖြစ်ပေါ်လာစေရေးဖြစ်ပါသည်။

ဤသတင်းလွှာကို ဖတ်ရှု၍ စာဖတ်သူတို့အဖို့ အကျိုးတစ်စုံတစ်ရာရရှိသည်ဆိုလျှင် ထုတ်ဝေဖြန့်ချိရကျိုးနပ်သည်ဟု စေတနာအဖွဲ့မှ ခံယူပါသည်။ စေတနာသတင်းလွှာအရှိန် အဟုန်မပျက် ဆက်လက်ထွက်ရှိလာစေရေး အတွက်ဝေဖန်အကြံပေးပါရန်နှင့် စာမူများကိုလည်းရေးသား ပေးပို့ကြပါရန်လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ဒေါ်အေးအေးသန့် (ဒါရိုက်တာ စေတနာအဖွဲ့)






မင်္ဂလာပါ လို့ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်မနာမည် မစုနန္ဒာဝင်းပါ။ စေတနာလူမှုအဖွဲ့အစည်းတွင် လက်ထောက်စီမံခန့်ခွဲရေး အရာရှိအဖြစ် ရန်ကုန်ရုံးတွင် တာဝန်ထမ်းဆောင်နေပါသည်။ ယခုဆိုလျှင် အလုပ်ဝင်တာ ၁၀လခန့်ရှိပါပြီ။ ကျွန်မသည်လူမှုရေးလုပ်ငန်း များကို စိတ်ဝင်စားသူတစ်ယောက်ဖြစ်သည့် အလျောက် စေတနာတွင် အလုပ်လုပ်ရသည်ကို ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ မိမိကိုယ်တိုင်နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအားတိုက်ရိုက် ထိတွေ့လုပ်ဆောင်ရတာ မဟုတ်သော်လည်း လုပ်ဆောင် နေသူများ၏ လိုအပ်ချက်များကို တတ်စွမ်း သမျှဆောင်ရွက်ပေးရသည်ကိုပျော်ရွှင်ကြည်နူးရပါတယ် ရှင့်။

။

## မကြိုင်ကြိုင်၏ ဂျပန်ခရီးစဉ် အစီရင်ခံစာ

မနှစ်က ဂျပန်နိုင်ငံအခြေစိုက် FESCO အဖွဲ့မှ ကြီးမှူးဆောင်ရွက်သည့် နိုင်ငံတကာ လူမှုရေး လုပ်ငန်း ဆောင်ရွက်မှုအတွက်ချီးမြှင့်သည့် ဆုကို လက်ခံရန် စေတနာအဖွဲ့မှ ဝန်ထမ်း (၄)ဦး ဂျပန် နိုင်ငံသို့သွား ရောက်ခဲ့ကြပါသည်။ စေတနာအဖွဲ့ဝန်ထမ်းများအနေနှင့် ဂျပန်နိုင်ငံတွင် စိုက်ပျိုးရေးနှင့် ပညာရေးဆိုင်ရာ ဆောင်ရွက်မှုများကိုလေ့လာခဲ့ပြီး၊ လူကြီးမင်းတို့ထံသို့ ၂ကြိမ်ခွဲပြီး မိတ်ဆက်တင်ပြချင်ပါသည်။

၂၀၁၃ခုနှစ် နိုဝင်ဘာလ ၂၂ရက်နေ့တွင် ကာဂိုရှီးမားမြို့ရှိ မကြိုင်ကြိုင်ပညာသင်ကြားခဲ့သော Municipal Somuta Elementary School မြူနီစီပယ်အခြေခံပညာမူလတန်းကျောင်းသို့လေ့လာရေးသွားရောက်ခဲ့ပါသည်။ လေ့လာရေး ခရီးစဉ်တွင် ကျောင်းတွင်း သင်ကြားရေးအထောက်အကူပြုပစ္စည်း များနှင့်စာသင်ခန်းတွင်း စာသင်ကြားနေမှု များကိုကြည့်ရှုလေ့လာခဲ့ကြသည်။ ထို့အပြင်ကျောင်းတာဝန် ရှိသူများဖြင့် ကျောင်းလုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှုများ၊ ဂျပန်နိုင်ငံ ပညာရေးစနစ်၊ ဆရာဆရာမများကို မွမ်းမံသင်ကြားပေးပုံ စသည့် ပညာရေးနှင့်သက်ဆိုင်သောစိတ်ဝင်စားဖွယ်အကြောင်းအရာများကို မေးမြန်းဆွေးနွေးခဲ့ကြပြီး နောက်ဆုံးအနေဖြင့်ကျောင်းသားကလေးများနှင့်အတူယှဉ်ကျေးမှုဖလှယ်ရေးလုပ် ငန်းများကို ဆောင်ရွက် ခဲ့ကြပါသည်။


ဒီကျောင်းမှာ နေ့လည်စာသင်ချိန်မတိုင်ခင် ၁၅မိနစ် ကို နေ့တိုင်း သန့်ရှင်းရေးလုပ်ရတယ်။


ထမင်းစားပြီး နားချိန်မှာ ကလေးတွေ ကစားနေသောပုံ


ကလေးတွေ ဆွဲထားသော ပန်းချီများပြရာနေရာ


ထမင်းစားပြီးရင် သွားတိုက်ခင်တွင် ကလေးများ သွားတိုက်နေသောပုံ


စာသင်ခန်းမှာ သွားတိုက်တံနှင့် ခွက်များထားသော ဘီဒို


ကလေးလေး တွေ နှင့် အမှတ်တရ


ကျောင်းအုပ်ကြီး ရုံးခန်းတွင် ကျောင်းရဲ့ မှတ်တမ်းပါ တွေ့ မြင်နေရပုံ


ကလေး ကစားကွင်း (နေ့လည် နားချိန် မှာ ကစားတယ်)


ဂီတ အချိန်

စေတနာ အဖွဲ့အကြောင်းအသေးစိတ်သိရှိလိုပါက www.saetanar.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
အကြံပြုချက်များ၊ စာမူများကို လည်း နီးစပ်ရာစေတနာရုံးများသို့ ပေးပို့နိုင်ပါသည်။

# စီမံကိန်းအဆင့် – ၃၊ စီမံကိန်း နှစ် ၂၀၁၃ တွင် ဆောက်လုပ်ပြီးစီးခဲ့သောကျောင်းများ

## ရှမ်းပြည်နယ်တောင်ပိုင်း



**SIII-1**
အမှတ် (၂၈) တာယော အမက တောင်ကြီးမြို့နယ်



**SIII-2**
အမှတ် (၄) ကျောက်ကူချုံး အထက ဟိုပုံးမြို့နယ်



**SIII-3**
ထီသယမ်း အမက ဆီဆိုင်မြို့နယ်



**SIII-4**
ကောင်းမြိုး မူလွန် ပင်လောင်းမြို့နယ်



**SIII-5**
အမှတ် (၁၁၁) မြောင်းတော် အမက ရပ်စောက်မြို့နယ်



**SIII-6**
နန်းကဲ မူလွန် ဖယ်ခုံမြို့နယ်



**SIII-7**
ပိုင်းလီ အလက ပင်းတယမြို့နယ်



**SIII-8**
အမှတ် (၇) ဆည်ရွာအလက (ခွဲ) ရွာငံမြို့နယ်



**SIII-9**
နောင်ဟူး အမက လွိုင်လင်မြို့နယ်



**SIII-10**
အမှတ် (၅) ပင်လုံ အမက ပင်လုံမြို့နယ် (ခွဲ)



## ရှမ်းပြည်နယ်မြောက်ပိုင်း



**NIII-1**
မန့်လောင်း အမက နမ့်ခမ်းမြို့နယ်



**NIII-2**
ကုန်းသာ အမက နမ့်ခမ်းမြို့နယ်



**NIII-3**
နမ့်ဘွပ် အလက မူဆယ်မြို့နယ်



**NIII-4**
ကွန်ကောက် အလက သိန္နီမြို့နယ်



**NIII-5**
ဥယျာဉ်မှူး အမက သိန္နီမြို့နယ်



**NIII-6**
ဝင့်အင် အမက လားရှိုးမြို့နယ်



**NIII-7**
ပိုင်းထား အလက သီပေါမြို့နယ်



**NIII-8**
ဆိုင်လဲ အမက သီပေါမြို့နယ်



**NIII-9**
ဇယန်းပြောက် အလက နမ့်ဆန်မြို့နယ်



**NIII-10**
နားငေါ့ အမက နောင်ချိုမြို့နယ်